# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှ ဧပြီလ ၁၇ ရက်နေ့အထိ

အကျဉ်းချုပ်

လူ့အခွင့်အရေး ချိုးဖောက်မှုများ

မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၁,၇၅၆+ သတ်ဖြတ်ခံရ
၁၃,၂၈၂+ ဖမ်းဆီးခံခဲ့ရ
၁၀,၂၃၈+ ချုပ်နှောင်ခံထားရဆဲ
၁,၉၇၆+ ဖမ်းဝရမ်းထုတ်ခံရ

## “အာဏာရှင်စနစ်ကို မီးရှို့သင်္ဂြိုလ်ပစ်”

မြန်မာစစ်တပ်သည် ရာပေါင်းများစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသည်။ စစ်သားများ၊ တပ်မှူးများနှင့် စစ်ဗိုလ်ချုပ်များသည် အမျိုးသမီး၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကို ပစ်သတ်ခြင်းဖြင့် အရပ်သားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို အလေးမထား ဂရုမစိုက်ကြောင်း ဆက်လက်ပြသနေသည်။ မတူညီကွဲလွဲမှုများကို ဖြိုခွင်းနှိမ်နင်းရန် ဆိုးညစ်ယုတ်မာသော နည်းလမ်းအမျိုးမျိုးကို အသုံးပြုသည့်အနက် မီးတင်ရှို့ဖျက်ဆီးသည့် လုပ်ရပ်အားဖြင့် အကြမ်းဖက်စစ်တပ်သည် အရပ်သားပြည်သူတို့များ စိတ်ဓါတ်ကျစေရန် လူနေအိမ်များ၊ ဘာသာရေးအထွဋ်အမြတ်ထားရာနေရာဖြစ်သော ဘုန်းကြီးကျောင်းများနှင့် ဘုရားရှိခိုးကျောင်းများသာမက စစ်ဘေးရှောင်များ ခိုလှုံရာနေရာများပင်လျှင်မချန် မီးရှို့ဖျက်ဆီးခဲ့သည်။

လူ့အခွင့်အရေးအဖွဲ့ဖြစ်သည့် Myanmar Witness အဖွဲ့မှ မြန်မာစစ်တပ်မှ မီးရှို့မှုကို ခြေရာခံဖော်ထုတ်ကာ မီးလောင်ကျွမ်းမှုဖြစ်နိုင်ခြေအား ခွဲခြားသတ်မှတ်ပေးနိုင်သော ယုံကြည်စိတ်ချရသည့် စနစ်တစ်ခုကို တည်ဆောက်ခဲ့သည်။ ဧပြီလ ပထမပတ်အတွင်းတွင်ပင် အကြမ်းဖက်စစ်တပ်သည် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့်  စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် ၈ မြို့နယ်မှ အိမ်ခြေပေါင်း တစ်ရာကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ Data For Myanmar ၏ အဆိုအရ ဖေဖော်ဝါရီလ ၁ ရက်နေ့က တည်းမှ စတင်၍ အကြမ်းဖက်စစ်အာဏာရှင်မှ ၎င်းတို့အာဏာရရန် တစ်ကိုယ်ကောင်းဆန်သော ကြိုးပမ်းမှုတွင် အိမ်ခြေ ၁၀၀၀၀ နီးပါး ပျက်စီး ဆုံးရှုံးခဲ့သည်။

ND-Burma အဖွဲ့ဝင် အဖွဲ့စည်းများသည် ၎င်းတို့သက်ဆိုင်ရာ နယ်မြေများတွင်း မီးတင်ရှို့ခံရသည့် ဖြစ်ရပ်နှင့် ရည်ရွယ်ချက်ရှိရှိ မီးရှို့ခံခဲ့ရသည့် ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသည်။ ၂၀၂၂ ခုနှစ် မတ်လတွင် ချင်းလူ့အခွင့်အဖွဲ့ CHRO၏ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းမှ စတင်၍ ချင်းပြည်နယ်တွင် နေအိမ်ပေါင်း ၅,၀၀၀ ကျော် ဖျက်ဆီးခံခဲ့ရပြီး ထန်းတလန်မြို့နယ်သည် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရခြင်းအပါအဝင် မီးတင်ရှို့ခံရခြင်းဖြင့် ၂၆ ကြိမ်တိတိ တိုက်ခိုက်ခံခဲ့ရသည်။

၂၀၂၂ ခုနှစ် ဧပြီလ ပထမပတ်  မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင်  နေအိမ်အနည်းဆုံး ၃၅ လုံးနှင့် ဆိုင်ကယ် ၁၃ စီးမီးရှို့ဖျက်ဆီးခံရကြောင်း မွန်ပြည်လူ့အခွင့်အရေး အဖွဲ့မှ ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်စစ်တပ်သည် အရပ်သားပြည်သူတို့၏ အသက်မွေးဝမ်းကြောင်းကို ဖျက်ဆီးရန် မီးတင်ရှို့မှုကို နည်းဗျူဟာအဖြစ် ရည်ရွယ်ချက်ရှိရှိအသုံးချကာ ကျေးရွာများကို မီးရှို့ခဲ့သည်ဟု  Reuters မှ အတည်ပြုခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကို ကုလသမဂ္ဂ တာဝန်ရှိသူများမှ  ‘အကြမ်းဖက် လုပ်ရပ်’ အဖြစ် သတ်မှတ်ခဲ့သည်။ မတ်လက တည်းမှ စတင်၍  ရွာပေါင်း ၁၃ ရွာရှိအိမ်ခြေ ၇၅၀ ကို အကြမ်းဖက်စစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သည်။

ဤကဲ့သို့သောလုပ်ရပ်များသည် ၎င်းတို့၏ အကျိုးအကြောင်း ခိုင်လုံမှုမရှိသော စီးနင်းမှုများနှင့် အပစ်မဲ့အရပ်သားပြည်သူများနှင့် ၎င်းတို့၏ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို အကြမ်းဖက် တိုက်ခိုက်မှုတို့၏ သက်သေများကို ဖျောက်ဖျက်ရန် ဖြစ်သည်။ ဤကဲ့သို့သော ရက်စက်ယုတ်မာမှုများကို နိုင်ငံတကာမှ အရေးပေါ်အရေးယူမှုများလုပ်ဆောင်ရန်နှင့် ညှိနိုင်းလုပ်ဆောင်ရန် အချိန်ကျော်လွန်နေပြီ ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများမှ အရေးယူလုပ်ဆောင်ရန် စောင့်ဆိုင်းလေလေ အခြေအနေများပိုမိုဆိုးရွားလေ ဖြစ်သည်။

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**ရန်ကုန်** – အသက် ၄ နှစ် အရွယ်ကလေးငယ်တစ်ဦး၏ မိဘများသည် CDM သမားများနှင့် PDF များကို ထောက်ပံ့သည်ဟူသော စွပ်စွဲမှုဖြင့် အဆိုပါ ကလေးငယ်အား မူကြိုကျောင်းတွင် အကြမ်းဖက်စစ်တပ်မှ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် ကလေးငယ်အားမည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရသေးပေ။ အကြမ်းဖက် စစ်အာဏာရှင်ကြောင့် သေဆုံးခဲ့ရသည့် ကလေးသူငယ် ၁၃၂ ဦးနှင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၁၆ ဦးရှိကာ ကလေးသူငယ်များကို ကာကွယ်ထားသော ဥပဒေများကို ချိုးဖောက်ခဲ့သည်။ NUG အစိုးရ၏ စာရင်းများအရ ဖမ်းဆီးခံရသူများအနက် ၂ ဦးမှာ သေဒဏ်ချမှတ်ခံထားရသည်။

**ရန်ကုန်**– ဖမ်းဆီးခံရသော ပြည်သူ့ကာကွယ်ရေးတပ် PDF ခေါင်းဆောင် ကိုချမ်းမင်းနောင်အား အကြမ်းဖက်စစ်တပ်မှ ရက်ရက်စက်စက် ညှဉ်းပမ်းနှိပ်စက်သတ်ဖြတ်ခဲ့သည်။ ကိုချမ်းမင်းနောင်သည် ခုခံတော်လှန်ရေးတွင် မပါဝင်မီ ပရဟိတလူမှုကူညီရေးတွင် ပါဝင်သူတစ်ဦးဖြစ်ခဲ့သည်။ သတ်ဖြတ်မခံရမီ ပြင်းထန်သော ညှဉ်းပမ်းနှိပ်စက်မှုကို ခံခဲ့ရသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ရွာနန်းကျေးရွာ**–အကြမ်းဖက်စစ်တပ်၏ ဝင်ရောက်စီးနင်းမှုကြောင့် အရပ်သား ၇ ဦးသေဆုံးပြီး ကျေးရွာရှိနေအိမ်ထက်ဝက်နီးပါး ဖျက်ဆီးခံခဲ့ရသည်။ သေဆုံးခဲ့သည့် အရပ်သားများထဲတွင် အသက် ၇၀ အရွယ်အမျိုးသမီးကြီးတစ်ဦးပါဝင်သည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၄,၉၀၀ ခန့်သည် မတည်ငြိမ်မှုများ နှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်မှ တော်လှန်ရေးအင်အားစုများသည် အကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများကို အောင်မြင်စွာ ခုခံရပ်တန့်နိုင်ခဲ့သည်။ တုံ့ပြန်သည့်အနေဖြင့် အကြမ်းဖက်စစ်တပ်သည် ကျေးရွာများနှင့် ဒါဇင်နှင့်ချီသောဘုရားကျောင်းများအပါအဝင် ဘာသာရေးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင်းသို့ အကြမ်းဖက်စစ်တပ်မှ လတ်တလောတွင် ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူတို့၏ အသက်အိုးအိမ်ကို ဆက်လက် ခြိမ်းခြောက်နေဆဲဖြစ်သည်။ ကရင်လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်စစ်တပ်မှ ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် လေးကေ့ကော်ဒေသ နယ်စပ်တစ်လျှောက်တွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

ထိခိုက်လွယ်ဆုံးသောသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီများ ရရှိရန် အားနည်းပြီးအကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပိုမိုဆိုးရွားလာသော စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သားများ ပိတ်မိနေဆဲဖြစ်သည်။

**ထပ်မံဖတ်ရှုရန်**



# ချင်းပြည်နယ်

ချင်းပြည်နယ်မှ တော်လှန်ရေးအင်အားစုများသည် အကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများကို အောင်မြင်စွာ ခုခံရပ်တန့်နိုင်ခဲ့သည်။ တုံ့ပြန်သည့်အနေဖြင့် အကြမ်းဖက်စစ်တပ်သည် ကျေးရွာများနှင့် ဒါဇင်နှင့်ချီသောဘုရားကျောင်းများအပါအဝင် ဘာသာရေးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သည်။

ယခုတစ်ပတ်အတွင်းတွင် မတူပီဒေသအတွင်းရှိ ဒေသခံ ၃၀၀ နီးပါးနေထိုင်သော တောင်စောင်းကျေးရွာအား အကြမ်းဖက်စစ်တပ်မှ မီးတင်ရှို့ခဲ့သည်။ စီးနင်းမှုနှင့် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပေါ်နိုင်သောကြောင့် ဒေသခံများအား နေရပ်မှ စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရပြီး မည်သည့်အချိန်မှ နေရပ်သို့ ပြန်နိုင်မည်မှာ မသေချာသေးပေ။

ချင်းပြည်နယ်နှင့် နယ်နမိတ်ချင်း ထိစပ်နေသော အန္တိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မီဇိုရမ်အစိုးရမှ ထွက်ပြေးတိမ်းရှောင်လာသော စစ်ဘေးရှောင်များကို သက်သေခံကတ်ပြားများ ထုတ်ပေးလျက် ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ ချင်းဒေသခံ ၃၀၀၀၀ နီးပါးသည် မီဇိုရမ်ဒေသရှိ ခရိုင် ၁၁ ခုတွင် ဘေးကင်းလုံခြုံရေးအတွက် ခိုလှုံလျက်ရှိသည်။



# ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင်းသို့ အကြမ်းဖက်စစ်တပ်မှ လတ်တလောတွင် ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူတို့၏ အသက်အိုးအိမ်ကို ဆက်လက် ခြိမ်းခြောက်နေဆဲဖြစ်သည်။ ကရင်လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်စစ်တပ်မှ ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် လေးကေ့ကော်ဒေသ နယ်စပ်တစ်လျောက်တွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ အရပ်သားဒေသခံများသည် ထိခိုက်ဒဏ်ရာရခြင်း နှင့် သေဆုံးခြင်းများမရှိပါ။ သို့သော်လည်း အကြမ်းဖက် စစ်သား ၄၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ ယခုတိုက်ခိုက်မှုသည် အကြမ်းဖက်မြန်မာစစ်တပ်၏ အင်အားသုံး ထိုးစစ်ဆင်တိုက်ခိုက်မှုကို တိုးမြှင့်တိုက်ခိုက်ခြင်းအနက် လတ်တလောတိုက်ခိုက်မှုဖြစ်သည်။

ကရင်ပြည်နယ်နှင့် နယ်စပ်ဒေသတစ်လျှောက်တွင် အခြေစိုက် လှုပ်ရှားလျက်ရှိသော ND-Burma အဖွဲ့ဝင် အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်အရ ထိုးစစ်ဆင်တိုက်ခိုက်မှုများ တိုးလာခြင်းသည် အရပ်သားပြည်သူများ ထိန့်လန့်ကြောက်ရွံ့မှုနှင့် မသေချာမရေရာမှုများကိုသာ ဖြစ်ပေါ်စေသည်။ ဒေသခံတို့၏ လုံခြုံရေးနှင့် အသက်ကို ခြိမ်းခြောက်နေသော မြေမြှုပ်မိုင်းအန္တရာယ်နှင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများလည်း ဆုံးရှုံးခဲ့ရသည်။ ND-Burma ၏ အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း HURFOM ၏ မှတ်တမ်းများအရ မတ်လတစ်လတည်းတွင် ကရင်ပြည်နယ်အား လေကြောင်းဖြင့်တိုက်ခိုက်မှု အနည်းဆုံး ၄ ကြိမ် ပြုလုပ်ခဲ့သည်။

ဧပြီလ ၁၄ ရက်နေ့ မြဝတီခရိုင် လေ့ကေကော်မြို့သစ်တွင် အကြမ်းဖက်စစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် KNLA ကြား ၃ နာရီကြာတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်မရှိသေးပါ။



# စစ်ကိုင်းတိုင်းဒေသကြီး

ထိခိုက်လွယ်ဆုံးသောသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီများ ရရှိရန် အားနည်းပြီး အကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပိုမိုဆိုးရွားလာသော စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သားများ ပိတ်မိနေဆဲဖြစ်သည်။ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း အကြမ်းဖက်စစ်အာဏာရှင်၏ အကြမ်းဖက်မှုကို ခံခဲ့ရသော မျက်မြင်သက်သေများနှင့် ကျူးလွန်ခံရသူများသည် ၎င်းတို့နှင့် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအပေါ် အကြမ်းဖက်စစ်တပ်မှ ကျူးလွန်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများအတွက် တရားမျှတမှုနှင့် ပြန်လည်ကုစားရေးကို ရှာဖွေနေသည်။ အကြမ်းဖက်စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် လျော့နည်းသွားခြင်းမရှိကြောင်း ဒေသခံများထံမှ သိရသည်။ လေကြောင်းနှင့်မြေပြင်တိုက်ခိုက်ခံရမှုများကြောင့် အရပ်သားပြည်သူတို့၏ နေ့စဥ္ဘဝသည် ကံဆိုးမိုးမှောင်ကျမှုနှင့် ဆက်လက် ရင်ဆိုင်ကြုံတွေ့နေရသည်။ ဒေသခံပြည်သူတို့၏ ထွက်ဆိုချက်အရ ၎င်းတို့၏နေအိမ်များနှင့် ကျေးရွာများသည် စက္ကန့်ပိုင်းအတွင်း ဖျက်ဆီးခံခဲ့ရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ တလတည်းတွင်ပင် မြန်မာနိုင်ငံတဝှမ်း လူပေါင်း ၅၀,၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

၂၀၂၂ ခုနှစ် ဧပြီလ တတိယအပတ်
ဧပြီလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့ အထိ

**၁၁** မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM ၏ ထုတ်ပြန်ချက်အရ သံဖြူဇရပ်မြို့နယ်အတွင်း ခရီးသွား အမျိုးသမီးပြည်သူ နှစ်ဦးသည် အကြမ်းဖက်စစ်တပ်၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရ ခဲ့သည်။

**၁၂** စစ်အာဏာသိမ်းသည့်အချိန်မှစ၍ HIV နှင့် TB ဆေးများ ကို လုံလောက်စွာ ထောက်ပံ့မှုမရှိသောကြောင့် စိုးရိမ် ကြောင်း ကျန်းမာရေးဝန်ထမ်းများမှ ထုတ်ဖော်ပြော ကြားခဲ့သည်။ ND-Burma မှ ကျန်းမာရေးဝန်ထမ်းများ အား မေးမြန်းခဲ့သည်။

**၁၃** မြန်မာနှစ်သစ်ကူး သင်္ကြန်အခါသမယတွင် မြန်မာပြည် သူများ၏ ကြံ့ကြံ့ခံမှုနှင့် ပို၍ ငြိမ်းချမ်းပြီး သာယာဝပြော သော နှစ်သစ်အပေါ် မျှော်လင့်ချက်များအား ကနေဒါ သံရုံးမှ ဂုဏ်ပြုအသိအမှတ်ပြုကြောင်း ထုတ်ပြန်ခဲ့ သည်။

**၁၄** တရားမဝင်စစ် အာဏာသိမ်းစစ်အုပ်စု အဖွဲ့ဝင် များသည် စစ်ရေးပြ သင်္ကြန်လှုပ်ရှားမှုများကို တက် ရောက်ခဲ့ကြသည်။ နိုင်ငံသားအများစုသည် ပွဲတော် အားလုံးကို သပိတ်မှောက် ဆန့်ကျင်ကြသည်။

**၁၅** အမျိုးသားညီညွတ်ရေးအစိုးရ NUG၏ နိုင်ငံခြားရေးရာ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ ဆိုင်ရာ EU သံအမတ်နှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး နှင့်ပတ်သက်သော ရှေ့ဆက်လမ်းစဉ်နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

**၁၆** အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန် ကြီးဌာနမှ အကြမ်းဖက်စစ်တပ်မှကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ပုံမှန် သတင်းလွှာကို ထုတ်ပြန်ခဲ့သည်။

**၁၇** လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံရေးနှင့်စီးပွားရေး အကျပ်အတည်းကြောင့် အရပ်သားများ၏ အသက်မွေး ဝမ်းကျောင်းမှုကို ခြိမ်းခြောက်နေသည့်အတွက် စိုးရိမ် စရာအကောင်းဆုံး ပဋိပက္ခများရှိသည့် ထိပ်တန်းဆယ် နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် ဆက်လက်ပါရှိ နေသည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma